ACC Against COVID-19

အစီအစဉ် (၂၄ )

# ကျား-မရေးရာ (GENDER) နှင့် ကိုဗစ်-၁၉ (COVID-19)


တင်ပြသူ

ဒေါ်နီလာဦး (ဒုတိယဥက္ကဋ္ဌ/အမြဲတမ်းကိုယ်စားလှယ်)

HD Center

ပြောင်းလဲတိုးတက်လာတဲ့ကမ္ဘာကြီးမှာ ကျား-မ ရေးရာနဲ့ပတ်သက်ပြီး အခွင့်အရေးတွေကို အားလုံး တန်းတူညီမျှ ခံစားခွင့်ရရေး (Equality) နဲ့ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ သာတူညီမျှ (Equity) ပါဝင်ခွင့်ရရှိရေးတို့ကို ပိုမိုကောင်းမွန် တိုးတက်လာဖို့ အရေးကြီးတဲ့ ကဏ္ဍတစ်ခုအဖြစ် မြှင့်တင်နေကြပါတယ်။






ကျား-မ လူမှုရေးရာဆိုတာ အမျိုးသမီးနှင့် အမျိုးသားတွေက သူတို့ရဲ့အရည်အချင်း၊ စွမ်းဆောင်နိုင်မှုတွေ၊ ရပ်တည်မှုတွေ၊ ရွေးချယ်မှုတွေကို လွတ်လွတ်လပ်လပ် အကန့်အသတ်မရှိ ရွေးချယ် ပိုင်ခွင့်ရှိပြီး အဲဒါကို အသိအမှတ်ပြုပေးခြင်း၊ ခွဲခြားဆက်ဆံခြင်း (Discrimination) မရှိဘဲ တန်းတူမျှတစွာ ခံစားခွင့် (Equally and Fairly)၊ ပါဝင်ခွင့်ရရှိစေခြင်းဖြင့် ထိုက်တန်တဲ့ အကျိုးကျေးဇူးတွေ ရရှိခံစားကြရမှာပါ။



ကျား-မရေးရာနဲ့ ဖို-မကိစ္စဆိုတာကို ရောထွေးနားလည်တတ်ကြပါတယ်။ ကျား-မ ရေးရာ (Gender) ဆိုတာ မိန်းကလေး၊ ယောက်ျားလေး၊ အမျိုးသမီး၊ အမျိုးသားတွေရဲ့ မိန်းမဆန်ခြင်း၊ ယောက်ျားဆန်ခြင်းတို့အပေါ် မူတည်ပြီး လူ့အဖွဲ့အစည်းက သင့်တော်သလို ယူဆသတ်မှတ်ထားတဲ့ သူတို့ရဲ့ဖြစ်တည်မှုတွေ၊ အမူအကျင့်တွေ၊ လုပ်ရှားမှုတွေ၊ ယူဆချက်တွေ၊ အခွင့်အလမ်းတွေလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုထားပါတယ်။



အခြေခံ ကျား/မရေးရာ အမြင်ဖွင့်လက်စွဲ အကျဉ်းမှာ "ကျား-မ ရေးရာ (Gender) ဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးများ၏ လူမှုဆက်သွယ်ရေး ဆိုင်ရာ ဝိသေသလက္ခဏာများကို ဖော်ညွှန်းပြီး ထို ကျား - မ လူမှုရေးရာသည် အခြေအနေ အချိန် အခါအလိုက် ပြောင်းလဲတတ်ပါတယ်။ ဖို- မ သဘာဝ ဆိုသည်မှာ ခန္ဓာဗေဒဆိုင်ရာ မတူညီကွဲပြားခြားနား သော ဝိသေသလက္ခဏာများ (သို့မဟုတ်) မွေးရာပါ သဘာဝဖြစ်ပြီး(ဥပမာ-ကိုယ်ဝန်ဆောင်ခြင်း၊ ကလေး မွေးဖွားခြင်း စသည့်အချက်များ) ကိုဖော်ညွှန်း ကြောင်း" ဖေါ်ပြထားပါတယ်။






ကျား-မ မရွေး၊ လူမျိုးဘာသာ၊ ဆင်းရဲ ချမ်းသာ၊ အသက်အရွယ်၊ အဆင့်အတန်း မခွဲခြားဘဲ တစ်နည်းမဟုတ် တစ်နည်း ဆိုးကျိုးသက်ရောက်မှုတွေ ပေးနေတာကတော့ လူသားအားလုံး မကြုံစဖူး ကြုံတွေ့နေကြရတဲ့ ကိုဗစ်-၁၉ ရောဂါပါပဲ။



အထူးသဖြင့် ထိခိုက်မှုအများဆုံး ခံစားရသူတွေဖြစ်တဲ့ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ မွေးကင်းစကလေးတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေ၊ မသန်စွမ်းသူတွေ၊ လူ့အသိုင်းအဝိုင်းမှာ ဝင်ဆန့်ဖို့ ခက်နေသူတွေ၊ ချို့တဲ့သူတွေ အားလုံးဟာ ကိုဗစ်-၁၉ ရောဂါရဲ့ အကျိုးသက်ရောက်မှုကို ပုံစံအမျိုးမျိုးနဲ့ ခံစားနေကြ ရပါတယ်။



ကျား-မ ရေးရာစံနှုန်းတွေအတိုင်း သာတူညီမျှမှုရှိအောင် ကြိုးစားနေကြပေမဲ့ ဒီလိုအရေးပေါ် ကိစ္စရပ်တွေဖြစ်လာတဲ့အခါမှာ အမျိုးသမီးအများစု အပေါ်မှာ ပိုပြီးဆိုးကျိုးတွေ ကျရောက်လာနိုင်သလို ဝန်ထုပ်ဝန်ပိုးတွေ ပိုပြီး ပိတတ်လေ့ ရှိပါတယ်။





အမျိုးသမီးတွေဟာ လုပ်ငန်းမြန်မြန် ဖြစ်မြောက်အောင်၊ လိုချင်တဲ့ လိုအပ်တဲ့ ဝန်ဆောင်မှုတွေ ပစ္စည်းတွေရအောင်၊ ပိုက်ဆံမပေးနိုင်တော့တဲ့ အခါ လုပ်အားနဲ့ ဝန်ဆောင်မှုတွေ ပေးကြရတယ်။ အဆုံးကြတော့ ဘဝနဲ့ ဂုဏ်သိက္ခာ ကိုပါ ပေးဆပ်ကြရတာတွေ အထိ ရှိကြတယ်။






ငွေကြေး၊ တံစိုးလက်ဆောင်တွေနဲ့ လာဘ်ပေး လာဘ်ယူ လုပ်တာ ထက်ကို ပိုဆိုးဝါးပြီး အသက်အန္တရာယ် ထိခိုက်စေနိုင်တဲ့ အဂတိ လိုက်စားမှုဖြစ်လို့ အလွန် ကြီးမားတဲ့ပြစ်မှု ဖြစ်ပါတယ်။ အခကြေး ငွေပေးရန်မလိုဘူးလို့ သတ်မှတ်ပေးထားတဲ့ အခြေခံဝန်ဆောင်မှုတွေမှာ အလွတ်သဘောငွေကြေးတွေကို အမျိုးသမီးတွေဟာ မလွန်ဆန်နိုင်ဘဲ ပေးနေရတာတွေ ရှိပါတယ်။



အဂတိလိုက်စားမှု ကင်းစေရေး တာဝန်ခံမှု တာဝန်ယူမှုတွေကို တောင်းဆိုဖို့ ထောက်ပြဖို့ သူတို့မှာ အင်အားမရှိပါဘူး။



ကိုဗစ်-၁၉နဲ့ ပတ်သက်ပြီး အမျိုးသမီးတွေ အကြောင်း ပြောရမယ်ဆိုရရင် ပထမဦးဆုံး ဂုဏ်ယူစွာ ပြောချင်တာကတော့ မိမိကို ရောဂါ ကူးစက်စေနိုင်တာကို ပဓာန မထားနိုင်ဘဲ ရှေ့တန်းကနေ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ကူးစက် ခံရတဲ့လူနာတွေကို ဆေးကုသ၊ ပြုစုစောင့် ရှောက်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေပါ။ ကျန်းမာရေး ဝန်ထမ်းဆိုတော့ အမျိုးသမီးရော၊ အမျိုးသားရော ပါပါတယ်၊ ဒါပေမဲ့ သူနာပြုက နေသန့်ရှင်းရေး၊ကျွေးမွေးပြုစုရေးတို့လို အောက် ခြေအထိ ကျန်းမာရေးဝန်ဆောင်မှု ပေးနေတာ အများစုကအမျိုးသမီးတွေပါ။



European Institute for Gender Equality (EIGE)က ဥရောပနိုင်ငံမှာ ၇၆% သော ကျန်းမာရေးဝန်ဆောင်မှုပေးနေသူတွေဟာ အမျိုးသမီးတွေ ဖြစ်တယ်လို့ ဖေါ်ပြထားပါတယ်။ တစ်ခြားကဏ္ဍတွေမှာလဲ အမျိုးသမီး အများစုဟာ ဒုတိယအတန်းအစား (Second Class) ထဲမှာပဲ ထည့်သွင်း စဉ်းစားခံနေကြရတာ တွေ့ရှိ ပါတယ်။



ဥပမာဆိုရင် Myanmar Garments Manufacturers Association (MGMA) က မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံတွေရဲ့ လုပ်သားအင်အား ၈၀% ဟာ အမျိုးသမီးတွေ ဖြစ်ကြတယ်လို့ ဆိုထားပါတယ်။ အမျိုးသမီးတွေရဲ့ အရည်အချင်း၊ လုပ်နိုင်မှု စွမ်းရည်အပေါ်လိုက်ပြီး မျှတစွာပါဝင် ယှဉ်ပြိုင်ခွင့်၊ မျှတစွာခံစားနိုင်ခွင့်တို့ ရရှိဖို့ လိုအပ်နေသလို အမျိုးသမီးတွေရဲ့ ရှုထောင့်အမြင်တွေကို ထည့်သွင်းစဉ်းစား ကြမှသာ အမျိုးသမီးတွေရဲ့ခံစားချက်၊ လိုအပ်ချက်တွေကို သိလာနိုင်မှာပါ။



ကိုဗစ်-၁၉ ဟာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍပေါင်းစုံမှာ လူ့အလွှာ အသီးသီးကို ထိခိုက် ဆုံးရှုံးမှုတွေ ကြုံတွေ့စေတယ်။ အထူးသဖြင့် အခြေခံ လူတန်းစားတွေဟာ အလုပ်လက်မဲ့တွေဖြစ် ကုန်ပြီးလူမှုဖူလုံရေးအကာအကွယ်ပေးမှုက အားနည်း တော့ စားဝတ်နေရေးတွေ ဒုက္ခရောက် ကုန်ကြတယ်။ တစ်နေ့ ဝမ်းစာတောင် အလျှင်မမီတော့တာတွေ ဖြစ်ကုန်တဲ့သူတွေ များလှပါတယ်။ အမျိုးသမီးတွေ အများစုက အောက်ခြေအဆင့် ဝန်ထမ်းတွေ ဖြစ်ကြ တော့ အလုပ်လက်မဲ့ ဘဝမှာ မိသားစုဝင်ငွေတွေကို ထိခိုက်ကြတာ၊ အထူးသဖြင့် အမျိုးသမီးဦးဆောင် နေရတဲ့ မိသားစုတွေမှာပေါ့။



ဒီအပြင်ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့ အပါအဝင် မိခင်နဲ့ကလေးစောင့်ရှောက်ရေးလုပ်ငန်းတွေအတွက် ချမှတ်ထားတဲ့ ငွေကြေးနဲ့ အရင်းအမြစ်တွေကို အခြားနေရာတွေမှာ လှည့်သုံးလိုက်ရလို့ မိခင်နဲ့ကလေးတွေ မှာလဲ တနည်းအားဖြင့် ထိခိုက်မှုတွေရှိသလို အသက်အန္တရာယ်ပါ ကျရောက် နိုင်ပါတယ်။ အီဘိုလာဗိုင်းရပ်ရောဂါဘေး(၂၀၁၅) ကျရောက်တုန်းက အနောက် အာဖရိကတိုက်က ဆီအယ်ရာလီယွန်မှာ မိခင်၊ ကလေးသေဆုံးမှု မြင့်တက်ခဲ့တဲ့ နမူနာရှိခဲ့ပါတယ်။



အိမ်ကနေ အလုပ်လုပ်ကြတဲ့ (Work from home) အမျိုးသမီးတွေဟာ ရုံးမှာ အလုပ်လုပ်ရတာထက် ပိုပြီးဝန်ထုပ် ဝန်ပိုး ပိုများပါတယ်၊ ရုံးအလုပ်တင် မဟုတ် တော့ဘူး၊ အိမ်မှာချက်ပြုတ်၊ သန့်ရှင်း၊ အဝတ်လျှော်၊ မိသားစုဝေယျာဝစ္စ၊ ကလေးထိန်း အစရှိတဲ့ အိမ်ထောင်ရှင်မ တာဝန်လို့ ရှေးရိုးထဲက သတ်မှတ်ထားတဲ့ အလုပ်တွေကိုပါ လုပ်ရတော့ စိတ်ရောလူရော ပိုပြီး ပင်ပန်းကြရပါတယ်။



အမျိုးသမီးတွေ ငြီးငြူလေ့ရှိတဲ့ "အလုပ်ကျတော့ ပြစရာမရှိဘူး တစ်နေ့လုံး နားရတယ်လို့ကို မရှိဘူး" ဆိုသလို သူတို့အပေါ်မှာရှိနေတဲ့ မမြင်ရတဲ့ဝန်ထုပ်ဝန်ပိုးတွေကို လျော့ကျသွားအောင် အမျိုးသားတွေက မောင်တစ်ထမ်းမယ်တစ်ရွက် ဆိုသလို အိမ်မှုကိစ္စတွေမှာ မျှတစွာ (Fairly) ပါဝင်ကူညီ လုပ်ကိုင်ကြရင် ပိုပြီးပျော်ရွှင်ဖွယ်ရာမိသားစု ဖြစ်လာမှာပါ။





ဒါ့အပြင် ကိုဗစ်-၁၉ ရဲ့ကူးစက်မှု ကာကွယ်ရအောင် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာလေး (Social Distancing) နေကြရမယ်ဆိုတော့ အိမ်အပြင် မထွက်ကြရဘဲ အိမ်ထဲမှာပဲ (Home Stay) နေကြရတော့ လူတွေက စိတ်မွန်းကြပ်လာကြတယ်။ မွန်းကြပ်လာတဲ့စိတ်ကြောင့် အထူးသဖြင့် စရိုက်ဆိုးတဲ့အမျိုးသားတွေနဲ့ နေကြရတဲ့အမျိုးသမီးတွေဆိုရင် အိမ်တွင်းအကြမ်းဖက်မှုတွေ ပိုတိုးရင်ဆိုင်လာကြရတယ်။



IDP စခန်းတွေ၊ ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေရတဲ့ မိန်းကလေးငယ်တွေ၊ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေဆိုရင် ပိုဆိုးတာပေါ့။ ဒုက္ခအန္တရာယ်မျိုးစုံနဲ့ ရင်ဆိုင်ခံရဖို့ ပိုပြီး အလားအလာရှိ ကြပါတယ်။ ကိုယ်ပိုင်လွတ်လပ်ခွင့်မရှိတဲ့အခန်းကျဉ်းထဲမှာ အိမ်တွင်းအကြမ်းဖက်မှုအန္တရာယ်၊ မုဒိမ်းကျင့်ခံရတာတွေ၊ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရတာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကလည်း အားနည်း၊ ဒုက္ခများစွာရင်ဆိုင်ကြရတာပါ။ ရောဂါကူးစက်ခံရဖို့နဲ့ ပြန့်ပွားဖို့ အန္တရာယ်အရှိဆုံးနေရာတွေပါ။






ဒါ့ကြောင့် ရောဂါဘေးလျော့ကျအောင် လုပ်တာမျိုးပဲဖြစ်ဖြစ်၊ အဂတိလိုက်စားမှု အန္တရာယ်လျော့ကျအောင် တိုက်ဖျက်တဲ့လုပ်ငန်းမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေကိုရော၊ အခြားထိခိုက်ခံရလွယ်တဲ့သူတွေ၊ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆန့်ဖို့ခက်နေတဲ့သူတွေကိုပါ ပိုပြီးဒုက္ခဘေး ထပ်ကျရောက်စေတာမျိုး မဖြစ်အောင် ကျား-မရေးရာ ကဏ္ဍနဲ့ သူတို့ရဲ့ ရှုထောင့်အမြင်တွေကိုလဲ ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြဖို့က အလွန်အရေးကြီးပါတယ်။






အားကြီးသူ-အားနည်းသူမခွဲခြားဘဲတစ်ဦးရဲ့ အားသာချက်ကို တစ်ဦးက မျှဝေ ပါဝင်စေကာ(Inclusion) တစ်ဦးကိုတစ်ဦး လေးစားသမှု (Respect) ပြုပြီး မျှတမှု(Fairness)ရှိစွာ ပံ့ပိုးကူညီကြရင်း၊ သာတူညီမျှ ခံစားကြရင်း၊ ပျော်ရွှင်ဖွယ်ရာ မိသားစု သာယာတဲ့ဝန်းကျင်ဖန်တီးကြပါစို့။

